


## E3 ဆိုသည်မှာ . . .

ဗီဒီယိုဂိမ်းနှင့် ပတ်သက်သည့်သတင်းများကို စိတ်ဝင်တစားဖြင့် စောင့်ကြည့်လေ့ရှိသူများအနေနဲ့ E3 ဆိုသည့် စကားလုံးနှင့် ရင်းနှီးမှုရှိနေမည်ဟု ကျွန်တော့်အနေနဲ့ ယူဆပါသည်။ နောက်ထွက်မည့်ဂိမ်းများ၊ ဂိမ်းနှင့်ပတ်သက်သည့် ပစ္စည်းများ၊ နည်းပညာများကို E3 တွင် ပြသမည်ဆိုသည့် အချက်ကိုလည်း ဖတ်ဖူး၊ မြင်ဖူးလိမ့်မည်ဟု ထင်ပါသည်။ ဗီဒီယိုဂိမ်းလောကတွင် နာမည်ကြီးသော E3 ကို အများစုမှာ ကြားဖူးသော်လည်း ဘာလဲဆိုတာကိုတော့ သေချာမသိကြပေ။

အတိုကောက် E3 ဟုခေါ်သည့် Electronic Entertainment Expo သည် နှစ်စဉ်ကျင်းပလေ့ရှိသည့် ဗီဒီယိုဂိမ်းနှင့် ဆက်စပ်နေသည့် ပြပွဲများထဲတွင် ကမ္ဘာ့အကြီးဆုံးပြပွဲတစ်ခု ဖြစ်သည်။ ယင်းပြပွဲကြီးကို အမေရိကန်နိုင်ငံရှိ ဗီဒီယိုဂိမ်း ကုန်ထုတ်လုပ်ငန်းများနှင့် ပေါင်းစပ်ဖွဲ့စည်းထားသည့် ကုန်သွယ်ရေးအဖွဲ့ကြီး Entertainment Software Association (ESA) မှ နှစ်စဉ်ကျင်းပပါသည်။ ၁၉၉၄ ခုနှစ် ဧပြီလတွင် စတင် ဖွဲ့စည်းခဲ့သော ESA တွင် Capcom, Electronic Arts, Konami, Microsoft, Nintendo, Sega, Sony Computer Entertainment, Square Enix အစရှိသည့် ဂိမ်းလောကတွင် နာမည်ကြီးကုမ္ပဏီကြီးများ (သို့) သူတို့၏ အမေရိကန်နိုင်ငံရှိ လုပ်ငန်းခွဲများ ပါဝင်သည်။

E3 ကို ၁၉၉၅ ခုနှစ်မှစ၍ နှစ်စဉ်နှစ်တိုင်း မေလကုန် (သို့) ဇွန်လအစပိုင်းတွင် Los Angeles မြို့ရှိ Los Angeles Convention Center (LACC) တွင် ကျင်းပလေ့ရှိသည်။ ၂၀၀၇ ခုနှစ် တစ်နှစ်ထဲသာ California ပြည်နယ် Santa Monica သို့ ပြောင်းရွှေ့ကျင်းပခဲ့သည်။ သာမန်ပြည်သူများကိုပါ ပါဝင်ခွင့်ပြုသည့် Gamescom ကဲ့သို့သော ဗီဒီယိုဂိမ်းပြပွဲများနဲ့မတူသည်မှာ E3 သည် ဗီဒီယိုဂိမ်းကုမ္ပဏီများကိုသာ ပါဝင်ပြသခွင့်ပေးခြင်း ဖြစ်သည်။ ထိုပြပွဲသို့ တက်ရောက်လိုသောသူများသည် သူတို့တွင် ဗီဒီယိုဂိမ်းလောကနှင့် ပတ်သက်၍ အတွေ့အကြုံရှိသူ (သို့) လုပ်ငန်းသဘောအရ ဆက်စပ်နေသူ ဖြစ်ကြောင်း Entertainment Software Association သို့ တင်ပြလျှောက်ထားမှသာ တက်ရောက်ခွင့်ပြုပါသည်။

E3 ကို ကျင်းပသည့် Los Angeles Convention Center တွင် ပြခန်းများ ခင်းကျင်းပြသရန် အကျယ်အဝန်း စတုရန်းပေ ၇၀၀၀၀၀ (ခုနှစ်သိန်း) ရှိပြီး ထိုပြခန်းနေရာကို South Hall, West Hall, Petree Hall စသည်ဖြင့် အကန့်များခွဲထားသည်။ South Hall ESifh West Hall မှာ အဓိကပြခန်းများအတွက်ဖြစ်ပြီး ပိုမိုသေးငယ်သော Petree Hall မှာ ကုမ္ပဏီကြီးတစ်ခုတည်းမှ ပြခန်းကြီးတစ်ခုတည်းသာ အစဉ်အဆက် ပြသလာသော နေရာဖြစ်သည်။ E3 တွင် ပြခန်းများသာ ပြသခြင်းမဟုတ်ဘဲ စီးပွားရေးနှင့် ပတ်သက်သည့် အစည်းအဝေးများ၊ သတင်းစာရှင်းလင်းပွဲများ၊

ကန့်သတ်ထားသူများကိုသာ ဝင်ရောက်ခွင့်ပေးသည့် အထူးပြခန်းများလည်း ပါဝင်သည်။ LACC တွင် ထိုကဲ့သို့သော ကိစ္စများအတွက် သေးငယ်ပြီး အသံဆူညံသည့်နေရာများနှင့် သီးခြားဖြစ်သောနေရာများလည်း ရှိသည်။

ကမ္ဘာအနှံ့ရှိ IGN, GameSpot, Kotaku, EDGE, Machinima အစရှိသော ဗီဒီယိုဂိမ်းမဂ္ဂဇင်းများ၊ ဝက်ဘ်ဆိုက်များ၊ ဘလော့များသည် နှစ်စဉ် E3 နှင့် ပတ်သက်သည့် အကြိုသတင်းများ၊ သုံးသပ်ချက်များ၊ တိုက်ရိုက်ထုတ်လွှင့်ပြသမှုများကို အကြီးအကျယ်ပြုလုပ်လေ့ရှိသည်။ ထို့အပြင် ကမ္ဘာတဝှမ်းမှ နာမည်ကျော် ဗီဒီယိုဂိမ်းသုံးသပ်သူများ၊ ဆောင်းပါးရှင်များ၊ စာရေးဆရာများကိုလည်း ဖိတ်ခေါ်လေ့ရှိသည်။ E3 မှာ အများပြည်သူဝင်ရောက်ခွင့်ကို ပိတ်ပင်ထားသဖြင့် ထိုသူများသည် E3 နှင့်ပတ်သက်သည့် အကြောင်းအရာများ၊ ပြသသည့် ဂိမ်းများ၊ ဆက်စပ်ပစ္စည်းများ၊ နည်းပညာသစ်များကို အများပြည်သူသို့ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိရန် အဓိကဆောင်ရွက်ပေးသူများ ဖြစ်သည်။ ပြပွဲဖြစ်မြောက်ရေး တာဝန်ယူသည့် IDG World Expo မှ ပြပွဲကာလတွင် နေ့စဉ်ထုတ်စာစောင်ကို ထုတ်ဝေသည်။ ထိုစာစောင်တွင် ပြပွဲ၏မြေပုံ၊ သတင်းနှင့်၊ ပြပွဲနှင့် ဆက်စပ်နေသည့် အကြောင်းအရာများ ပါဝင်သည်။ ထို့အပြင် IDG မှ ထိုစာစောင်နှင့်ဆက်စပ်နေသည့် E3insider.com ကိုလည်း တည်ဆောက်ထားသည်။

နှစ်စဉ် မီဒီယာပေါင်းစုံမှ E3 နှင့် ဆက်စပ်နေသည့် အကောင်းဆုံးဆုများကို ပေးအပ်လေ့ရှိသည်။ ထိုအထဲတွင် အကောင်းဆုံးပြခန်းဆု၊ အကောင်းဆုံးဂိမ်းနမူနာဆု၊ အကောင်းဆုံး ကွန်ပြူတာဂိမ်းဆု၊ အကောင်းဆုံး Action ဂိမ်းဆု စသည်ဖြင့် ဆုအမျိုးမျိုးပါဝင်သည်။ ထိုဆုများထဲမှ ဂုဏ်သရေအမြင့်ဆုံးဆုမှာ Game Critics Award ဟုခေါ်သည့် ဗီဒီယိုဂိမ်းသုံးသပ်သူပညာရှင်များက ပြသသည့်ဂိမ်းများအပေါ် ပေးသောဆုဖြစ်သည်ဟု လက်ခံထားကြသည်။

၂၀၁၄ ခုနှစ်အတွက် E3 ကို ဇွန်လ ၁၀-၁၂ အထိ သုံးရက်တိုင်တိုင် LACC တွင် ယခင်နှစ်များအတိုင်း ကျင်းပသွားမည် ဖြစ်သည်။ ယခင်နှစ်များအတိုင်း နိုင်ငံပေါင်း ၁၀၀ ကျော်မှ သောင်းနှင့်ချီသောသူများ တက်ရောက်မည်ဟု ခန့်မှန်းထားပြီး ထိုပြပွဲတွင် ထူးခြားဆန်းသစ်သော နည်းပညာများ၊ လူအများ စိတ်ဝင်တစားစောင့်နေသော ဂိမ်းများ၊ လူအများကို တခါမှချမပြရသေးသော ထုတ်ကုန်များကို မြင်ရရန်မှာ သေချာနေပါသည်။ အဓိက ပြပွဲကြီးမတိုင်မီ နာမည်ကြီးကုမ္ပဏီများ ဖြစ်သော Microsoft, Electronic Arts, Ubisoft, Sony တို့မှ ဇွန်လ ၉ ရက်နေ့တွင် သီးခြားသတင်းစာရှင်းလင်းပွဲများ ပြုလုပ်သွားရန်ရှိသည်။ Nintendo မှ ၁၀ ရက်နေ့တွင် Digital Event တစ်ခုကို ပြုလုပ်သွားပါမည်။ အခြားထူးခြားသည့် အစီအစဉ်များအနေနဲ့ Nintendo မှ Super Smash Bros Invitational နှင့် Nintendo Treehouse, Microsoft မှ ပြပွဲလာသူများကို အခြေပြုသည့် အစီအစဉ်များ ပြုလုပ်ခြင်းတို့လည်း ပါဝင်ပါမည်။

မေလအလယ်ပိုင်းအထိ တက်ရောက်ရန် စာရင်းပေးထားသော ဗီဒီယိုဂိမ်းကုမ္ပဏီပေါင်း ၁၇၃ ခု ရှိပြီဖြစ်ပြီး ထိုအထဲတွင် Activision, Bethesda, Capcom, Deep Silver, Electronic Arts, Konami, Microsoft, Nintendo, Oculus VR, Sega, Sony, Square Enix, Telltale, Ubisoft, Zynga အစရှိသော ကမ္ဘာကျော် ဂိမ်းကုမ္ပဏီအားလုံး ပါဝင်ပါသည်။ E3 နှင့်ပတ်သက်သည့် အကြောင်းအရာများကို ၎င်း၏ တရားဝင်ဝက်ဘ်ဆိုက် www.e3expo.com တွင်လည်း ဝင်ရောက် ကြည့်ရှုနိုင်မည်ဖြစ်ပြီး ယခုနှစ် E3 တွင် ပြသမည့် အကြောင်းအရာများနှင့် ပြသနေသည့်အချက်များကို တရားဝင် ဝက်ဘ်ဆိုက်တွင်ဖြစ်စေ၊ ဗီဒီယိုဂိမ်းဆိုက်များ ဖြစ်သော gamespot.com, 1up.com စသည်တို့တွင်ဖြစ်စေ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

athzem

